# မြန်မာကုန်သွယ်မှုမြင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

January 17, 2019 Volume 15, Number 11

**၁၇.၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၂၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၆/ကျပ် |
| CBM Rate | = ၁၅၂၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၆.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၄.၄ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၃.၈ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၉.၃ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၃.၁ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၅၅ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၇၁ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၀၅ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၁.၁၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၁၀၆ကျပ် |

Source: CBM Rate, etrademyanmar.com

## ကျောက်မျက်ရတနာပြပွဲများကျင်းပ၍ ပြည်ပခရီးသွားများကို ဆွဲဆောင်သင့်ဟု မန္တလေးတိုင်းဝန်ကြီးချုပ်ဆို




ပြည်တွင်းကျောက်မျက်ရတနာပြပွဲများ ကျင်းပခြင်းဖြင့် ပြည်ပခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာစေရန် ဆွဲဆောင်သင့်ကြောင်း၊ ဇန်နဝါရီ ၁၅ ရက်က မန္တလေးမြို့ရှိ ရတနာမောလ်ကျောက်မျက်ဈေးတွင် ပထမအကြိမ်ကျင်းပသည့် နိုင်ငံတကာကျောက်မျက်ရတနာပြပွဲ (Mandalay Yatanar Mall International Gems & Jewellery Fair) ဖွင့်ပွဲအခမ်းအနား၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကပြောသည်။ အရင်က မိုးကုတ်မှာ နိုင်ငံခြားသားဝင်ခွင့်မပေးကြောင်း၊ နှစ် (၈၀၀) ပြည့်ပွဲပြီး မိုးကုတ်ကို နိုင်ငံခြားသားတွေသွားခွင့်ပြုကြောင်း၊ ဒေသခံတွေလည်း အလုပ်အကိုင်အဆင်ပြေ၊ နိုင်ငံတော်အတွက်လည်း ဝင်ငွေရကြောင်း၊ Gems & Jewellery Show ပွဲတွေကို လက်ခံကြိုဆိုအားပေးကြောင်း၊ တခြားဆက်စပ်နေတဲ့ ခရီးသွားတွေပါလာတဲ့ အတွက် ဒီပွဲလာတဲ့ နိုင်ငံခြားသားတွေကို ရှေးဟောင်းယဉ်ကျေးမှုတွေကို ပြသပေးမယ့် အစီအစဉ်ထည့်လိုက်ရင် ပိုကောင်းကြောင်း ဒေါက်တာ ဇော်မြင့်မောင်ကဆိုသည်။ မန္တလေးမြို့တွင် ပထမအကြိမ်ကျင်းပသည့် နိုင်ငံတကာ ကျောက်မျက်ရတနာပြပွဲကို ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ငါးရက်ကြာ ကျင်းပနေသည်။ အဆိုပါ ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ရန် နိုင်ငံ ၄၀ ခန့်မှ ကျောက်မျက် ရတနာလုပ်ငန်းရှင်၊ ကုန်သည်ပွဲစားများအား ဖိတ်ကြားထားသည်။ ပြပွဲရက်အတွင်းဝယ်ယူသည့် ကျောက်မျက်ရတနာများကို နိုင်ငံတကာသို့ သယ်ယူဆောင်ခွင့်ရရှိရန် One Stop Ser-vice (OSS) စနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။ အခွန်ပေးဆောင်ရာတွင် ၂၀၁၈-၁၉ အခွန်ကောက်ဥပဒေဖြင့် ရောင်းချသူကပေးဆောင်ရသည်။ ပြပွဲတွင် ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ ပုလဲ၊ ပယင်းနှင့် ရှားပါးကျောက်များ၊ လက်ဝတ်ရတနာအချောထည်များ ပြသရောင်းချနေပြီး ဆိုင်ခန်း ၄၀၀ ခန့် ပါဝင်သည်။

Source: http://www.7daydaily.com/story/147585

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## ရာသီဥတုဖောက်ပြန်မှုကြောင့် ကော်ဖီမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေ

ရာသီဥတုဖောက်ပြန်မှုနှုန်းမြင့်တက်မှုနေခြင်းကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ကော်ဖီမျိုးစိတ် အမြောက်အမြား မျိုးသုဉ်းပျောက်ကွယ်သွားဖွယ်ရှိနေကြောင်း အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော် ကရူးစီရင်စုအခြေစိုက် ရုက္ခဗေဒပညာရှင်များအသင်းက ဇန်နဝါရီလ(၁၇)ရက်နေ့တွင် သတိပေးချက်ထုတ်ပြန် သွားခဲ့သည်။ ရာသီဥတုဖောက်ပြန်မှုအရ ကမ္ဘာပေါ်ရှိ ကော်ဖီမျိုးစိတ်စုစုပေါင်း၏ (၆၀)ရာခိုင်နှုန်းခန့်သည် မကြာခင် နှစ်အနည်းငယ်အတွင်း၌ မျိုးသုဉ်းပျောက်ကွယ်သွားဖွယ်ရှိနေခြင်းဖြစ်ကြောင်းလည်း သုတေသနရလာဒ်နှင့်တကွ ထုတ်ပြန်သွားခဲ့သည်။ယင်းသုတေသနကို အင်္ဂလန်သုတေသီများနှင့် အီသီယိုးပီးယားသုတေသီများပူးပေါင်းကာ အသိအမှတ်ပြုခံထားရသော ကော်ဖီမျိုးစိတ်အမျိုးအစားပေါင်း (၁၂၄)မျိုးအား သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကော်ဖီအမျိုးအစားပေါင်း (၇၅)မျိုးခန့်မှာ မျိုးသုဉ်းသွားမည့်အခြေအနေဖြင့် ရင်ဆိုင်နေရခြင်း ဖြစ်ကြောင်းလည်း သိရသည်။ အလားတူ အခြားသော မျိုးစိတ်ပေါင်း(၃၅)မျိုးခန့်မှာ အကာအကွယ်မရှိသည့် အခြေအနေမျိုးဖြင့် ရင်သန်ကြီးထွားနေရကြောင်း ထုတ်ပြန်ခဲ့သည်။ ကရူးစီရင်စုမှ သုတေသီအဖွဲ့ကို ဦးဆောင်သည့် အာရွန်ဒါဗစ်က "ကော်ဖီပင်တွေ ရှင်သန်ကြီးထွားဖို့အတွက် မြေဆီလွှာကောင်းမွန်ဖို့ လိုအပ်သလို သစ်တောကြိုးဝိုင်းတွေ ကောင်းမွန်နေဖို့လည်း လိုအပ်ပါတယ်။ ကော်ဖီပင်အများစုကို သစ်တောကြိုးဝိုင်းအတွင်းမှာပဲ စိုက်ပျိုးရခြင်း ဖြစ်တဲ့အတွက်ကြောင့် သစ်တောပြုန်းတီးမှုနှုန်းမြင့်မားလေ ကော်ဖီစိုက်ခင်း ပျက်စီးမှုနှုန်းမြင့်မားလေလေပါပဲ" ဟု ပြောကြားသွားခဲ့သည်။ ဆက်လက်ပြီး အာရွန်ဒါဗစ်က "ကျွန်တော်တို့ရဲ့သုတေသနရလာဒ်အရ ရာသီဥတုဖောက်ပြန်မှုနဲ့ သစ်တောပြုန်းတီးမှုနှုန်းမြင့်မားနေခြင်းကြောင့် ကော်ဖီမျိုးစိတ်အများစုဟာ မျိုးသုဉ်းပျောက်ကွယ်တော့မှာဖြစ်ပါတယ်။ မျိုးသုဉ်းပျောက်ကွယ်သွားမယ့် ကော်ဖီမျိုးစိတ်အမျိုးအစားအရေအတွက်က (၆၀) ရာခိုင်နှုန်းလောက်အထိရှိနေပြီ" ဟု ပြောကြားသွားခဲ့သည်။

**Source:**https://www.facebook.com/yadanabonnewspaper/

## နယ်သာလန်နိုင်ငံမှ တင်သွင်းသည့် မွေးမြူရေးအစာကုန်ကြမ်းများကို အခွန်ဖြေလျှော့ပေးရန် တင်ပြမည်

မြန်မာနိုင်ငံအတွင်းသို့ နယ်သာလန်နိုင်ငံမှ မွေးမြူရေးအစာကုန်ကြမ်းအဖြစ် တင်သွင်းသည့် Meat and Bone Meal များကို အခွန်ကောက်ရာတွင် များနေခြင်းကြောင့် အခွန်ဖြေလျှော့ပေးရန် အကောက်ခွန်ဦးစီးဌာနသို့တင်ပြသွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ သိရှိရသည်။ အဆိုပါကုန်ကြမ်းများကို H.S Code 2301.10.00 ဖြင့် သတ်မှတ်၍ ၁၅ ရာခိုင်နှုန်းအထိ အခွန်ကောက်ခံရန် ဆုံးဖြတ်ထားသဖြင့် H.S code 2309.90.20 အဖြစ်သာ သတ်မှတ်၍ ၁.၅ ရာခိုင်နှုန်းသာ ကောက်ခံပေးပါရန် တင်ပြတောင်းဆိုမည်ဖြစ်ကြောင်းသိရသည်။ ပြည်ပမှအစာကုန်ကြမ်းတင်သွင်းရာတွင် အကောက်ခွန်နှုန်းထားများပြားနေခြင်းကြောင့် ပြည်တွင်းအစာကုန်ဈေး ဈေးနှုန်းကြီးမြင့်နေခြင်းသည်အဓိက အကြောင်းအရင်းဖြစ်နေပြီး အကောက်ခွန်ဖြေလျှော့ပေးခြင်းနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်လက်အောက်ရှိ အစာအသင်းမှတင်ပြသွားမည်ဖြစ်ကြောင်းသိရသည်။ အာဆီယံနိုင်ငံအားလုံးတွင် Meat and Bone Meal တင်သွင်းခြင်းအား အကောက်ခွန် (၀) ရာခိုင်နှုန်းသာ ကောက်ခံကြသော်လည်း မြန်မာနိုင်ငံတွင် မွေးမြူရေးအစာဖြစ်သော Meat and Bone Meal များ တင်သွင်းရာတွင် အခွန်ကောက်ခံမှုများပြားနေခြင်းကို ဖြေလျှော့ပေးရန် ဇန်နဝါရီ ၁၂ ရက်က ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ကျင်းပသည့် ၂၃ ကြိမ်မြောက် ဒုတိယသမ္မတ (၁)နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင်တင်ပြခဲ့သော်လည်း အကောက်ခွန်ဦးစီးဌာနသို့ ထပ်မံတင်ပြပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ လမ်းညွှန်ထားကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှစ၍ Meat and Bone Meal မွေးမြူရေးအစာများကို နယ်သာလန်မှ စတင်တင်သွင်းအသုံးပြုခဲ့ပြီး Custom Duty ပေးဆောင်ရာတွင် အစာကုန်ကြမ်းအဖြစ် ၁ ဒသမ ၅ ရာခိုင်နှုန်းသာ ကောက်ခံခဲ့သော်လည်း ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂ ရက် နေ့စွဲဖြင့် စာအမှတ် ၅-ရာ/၂၀၁၇ (၈၇၀၉) အရ H.S Cod e 2301.10.00 ဖြင့် သတ်မှတ်၍ ၁၅ ရာခိုင်နှုန်းအထိ ကောက်ခံရန် ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။ပြည်တွင်းတွင် ဆီစက်လည်ပတ်မှုများနည်းပါးလာသဖြင့် တိရစ္ဆာန်အစာဖြစ်သည့် ပဲဖတ်၊ နမ်းဖတ်များရှားပါးလာခြင်း၊ ဆန်ကွဲ၊ ပြောင်းဖူးစေ့များလည်း ရှားပါးလာခြင်းတို့ကြောင့် အစာကုန်ကြမ်းများကို ပြည်ပမှတင်သွင်းလာရကြောင်းသိရသည်။ လက်ရှိတွင် တိရစ္ဆာန်အစာ ကုန်ကြမ်းများကို နယ်သာလန်၊ ဘရားဇီး၊ အိန္ဒိယနှင့် ဗီယက်နမ်အစရှိသည့် နိုင်ငံများမှ တင်သွင်းနေပြီး အစာကုန်ချောများကိုလည်း တင်သွင်းလျက်ရှိကြောင်းသိရသည်။

**Source:**https://www.facebook.com/yadanabonnewspaper/posts/1032130196970818?__tn__=K-R

## မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် ကုန်သွယ်ပမာဏလျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းသုံးခုဖြစ်တဲ့ မူဆယ်၊လွယ်ဂျယ်နဲ့ ချင်းရွှေဟော်တို့မှာ ကုန်သွယ်မှုပမာဏတွေက ပြီးခဲ့တဲ့နှစ်ကာလတူထက် လျော့ကျနေတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ စာရင်းတွေအရသိရပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်ဆိုရင် လက်ရှိဘဏ္ဍာနှစ် အောက်တိုဘာလကနေ ဒီဇင်ဘာလအထိ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ သန်း ၉၀၀ ကျော်သာရှိပြီး ပြီးခဲ့တဲ့နှစ် ကာလတူထက် ဒေါ်လာသန်း ၅၀၀ ကျော်ခန့် လျော့နည်းနေပါတယ်။ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှာဆိုရင် ပြီးခဲ့တဲ့နှစ်ကာလတူထက် ဒေါ်လာ ၁၄ သန်းကျော် လျော့နည်းနေပြီး ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းကတော့ ကာလတူထက် ဒေါ်လာ ၁၆ သန်းကျော် လျော့နည်းနေပါတယ်။

ထိုနယ်စပ်စခန်းသုံးခုစလုံးမှာ အခုလိုကုန်သွယ်မှုပမာဏတွေ လျော့နည်းနေတာက အဓိကအားဖြင့် ပို့ကုန်တွေ လျော့နည်းနေတာကြောင့်ဖြစ်ပါတယ်။ သွင်းကုန်တွေကတော့ ကာလတူထက်ပိုမိုရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မူဆယ်နယ်စပ်စခန်းကနေ တရုတ်ဘက်ကို လယ်ယာထွက်ကုန်တွေ၊ သတ္တုတွင်းထွက်ပစ္စည်းတွေ၊ ရေထွက်ကုန် တွေကို အဓိကတင်ပို့နေပြီး တရုတ်ဘက်ကနေ လူသုံးကုန်ပစ္စည်းတွေ၊လုပ်ငန်းသုံး ကုန်ပစ္စည်းတွေနဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေအတွက်လိုအပ်တဲ့ ပစ္စည်းတွေကို အဓိကတင်သွင်းနေတာဖြစ်ပါတယ်။ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် ဘက်ကနေတော့ ပရဆေးနဲ့ နှမ်းမျိုးစုံတို့ကို အဓိကတင်ပို့နေတာ ဖြစ်ပါတယ်။

လက်ရှိမှာ မြန်မာနိုင်ငံအနေနဲ့ နယ်စပ်ကုန်သွယ်ရေးကို နယ်စပ်စခန်း ၁၇ ခုနဲ့ ဆောင်ရွက်နေပြီး၊ လက်ရှိဘဏ္ဍာနှစ် အောက်တိုဘာလကနေ ဒီဇင်ဘာလအထိ နယ်စပ်သွယ်မှုပမာဏကတော့ ဒေါ်လာသန်း ၂၀၀၀ ကျော်ရရှိထားပြီး ဖြစ်ပါတယ်။

**Source:**http://www.logisticsguide.com.mm/en/industry-news/export-import/1457-muse-trial-and-reduce-the-amount-of-gold-tradedacrosse.html?

## တရုတ်ပြည်မှာလိုအပ်နေတဲ့ငါး မြန်မာပြည်က ဖြည့်ဆည်းပေးနိုင်တယ်လို့ သုတေသီပြော

တရုတ်နိုင်ငံမှာ ဟော့ပေါ့ဟင်းလုပ်တဲ့အခါ အဓိကသုံးနေတဲ့ ငါးတန်ငါးမျိုးတွေ အများအပြားလိုအပ်နေပြီး အဲဒီလိုအပ်ချက်ကို မြန်မာပြည်က ဖြည့်ပေးနိုင်လိမ့်မယ်လို့ ငါးလုပ်ငန်းကျွမ်းကျင်သူတယောက်က ပြောကြားလိုက် ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလက တရုတ်နိုင်ငံဂွမ်ဒေါင်းပြည်နယ်မှာ မြန်မာနဲ့တရုတ်ပူးပေါင်းပြုလုပ်ခဲ့တဲ့ လုပ်ငန်းခွင် အသုံးချသင်တန်းတွေအတွင်း တောင်တရုတ်ပင်လယ် ငါးဖမ်းလုပ်ငန်းသုတေသန အင်စတီကျူက ကျွမ်းကျင်သူ ဂျောင်ဂျာဆောင်းက အခုလိုပြောလိုက်တာပါ။

အဲဒီသင်တန်းကို စကြံန်နဲ့ပတ်လမ်းစီမံကိန်း BRI ရဲ့အစိတ်အပိုင်းတခုအဖြစ် တရုတ်နဲ့အာဆီယံနိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ ငါးတန်အသားလွှာတွေကို ဟော့ပေါ့နဲ့အတူ စားသုံးကြတာဖြစ်ပြီး တနှစ်ကို တန်ချိန်ပေါင်း ၁.၅ သန်းကနေ ၂ သန်းအထိ လိုအပ်တယ်လို့ဆိုပါတယ်။

ဒါပေမယ့် တရုတ်က တန်ချိန် ၂ သောင်းကနေ ၃ သောင်းအထိသာ ထုတ်လုပ်နိုင်ပြီး တန် ၇ သိန်းလောက်ကို နိုင်ငံခြားက တင်သွင်းနေရတယ်လို့ သုတေသီ ဂျောင်ဂျာဆောင်းကပြောပါတယ်။ လောလောဆယ်မှာ ဗီယက်နမ် နိုင်ငံဟာ အဲဒီငါးတန်ငါး အများဆုံးမွေးမြူနေတဲ့နိုင်ငံဖြစ်ပြီး တနှစ်ကို တန်ချိန် ၁.၄ သန်း နိုင်ငံခြားကို တင်ပို့နေ ပါတယ်။ ဒါပေမယ့် ဗီယက်နမ်က အဲဒီငါးတွေကို အမေရိကန်ပြည်ထောင်စုကိုပဲ အဓိကတင်ပို့နေတာဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ အဓိကဝင်နေတဲ့ ရေထွက်ပစ္စည်းတင်ပို့ရောင်းချမှုကနေ ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် နိုင်ငံခြားငွေ ဒေါ်လာသန်းပေါင်း ၇၁၁ သန်းရရှိခဲ့တယ်လို့ မြန်မာစက်မှုဝန်ကြီးဌာနရဲ့ စာရင်းဇယားတွေ အရ သိရပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ တဝက်လောက်သာကျယ်ဝန်းတဲ့ ဗီယက်နမ်နိုင်ငံဟာ မြန်မာနိုင်ငံထက် ရေထွက်ပစ္စည်းအမြောက်အများ ပြည်ပကို လစဥ်တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။

**Source:**https://www.facebook.com/rfaburmese/

## တောင်ကိုရီးယားလုပ်ငန်းရှင်တွေ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံရေး ဖိတ်ခေါ်

မြန်မာနိုင်ငံမှာ တောင်ကိုရီးယားလုပ်ငန်းရှင်တွေရင်းနှီးမြှုပ်နှံကြဖို့ တောင်ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက တိုက်တွန်း ဖိတ်ခေါ်ခဲ့ကြောင်းသိရပါတယ်။ လက်ရှိအချိန်မှာ တောင်ကိုရီးယားသမ္မတ Moon Jae-inရဲ့ တောင်ဘက်ပိုင်း မူဝါဒသစ်ကလည်း ကိုရီးယားနဲ့မြန်မာအကြားက ဆက်ဆံရေးကို ကူညီမြှင့်တင်ပေးသွားနိုင်မယ်လို့မျှော်လင့်ရကြောင်း၊



ပြီးခဲ့တဲ့ ၇၁နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား တစ်ရပ်မှာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်က တိုက်တွန်းပြောကြားခဲ့တာ ဖြစ်ပါတယ်။

တောင်ကိုရီးယားတို့အနေနဲ့ မြန်မာနိုင်ငံမှာလာရောက်ရင်းနှီးမြှုပ်နှံဖို့နဲ့ မြန်မာဟာဆိုရင် ဈေးကွက်စီးပွားရေးလောကထဲမှာ အသစ်လွင်ဆုံးသော ပါဝင်သူတစ်ခုဖြစ်ကြောင်း ၎င်းကတိုက်တွန်းပြောကြားသွားခဲ့ပါတယ်။ ကိုရီးယားအစိုးရအနေနဲ့ အာဆီယံနိုင်ငံတွေနဲ့အကြား သံတမန်ရေးနဲ့စီးပွားရေး ဆက်ဆံမှုတွေကိုမြှင့်တင်ဖို့အလေးထား လုပ်ဆောင်နေလျက်ရှိကြောင်း၊ ဒီလိုအချိန်မှာ တောင်ကိုရီးယားလုပ်ငန်းရှင်တွေအနေနဲ့ အာဆီယံဒေသမှာ အသစ်အသစ်သောအခွင့်အလမ်းတွေကို ရှာဖွေသွားနိုင်ကြောင်း ဆိုးလ်မြို့မှာပြုလုပ်တဲ့မြန်မာလွတ်လပ်ရေးနေ့ ဧည့်ခံပွဲအခမ်းအနားတစ်ရပ်မှာ ပြောသွားတာဖြစ်ပါတယ်။ အလားတူ ယမန်နှစ်အောက်တိုဘာလက ဗီဇာဖြေလျှော့မှုတွေ လုပ်ထားပြီးတဲ့နောက် တောင်ကိုရီးယားခရီးသွားတွေကိုလည်း မြန်မာနိုင်ငံဆီ ပိုမိုလာရောက်လည်ပတ်ကြဖို့လည်း တိုက်တွန်းသွားခဲ့သေးတယ်လို့ သိရပါတယ်။

Source:http://www.koreatimes.co.kr/…/nation/2019/01/176_261906.html

## နေပြည်တော်မှာ လူစီးသုံးဘီးတွေ ခွင့်ပြုပေးဖို့စီစဉ်နေ

နေပြည်တော်မှာ လူစီးသုံးဘီးမော်တော်ယာဉ်တွေ အသုံးပြုခွင့်ပေးဖို့စီစဉ်နေတယ်လို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက သိရပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထွန်းက လုပ်ဖို့စီစဉ်နေကြောင်း၊ ဘယ်အချိန်လုပ်မယ်ဆိုတာက နေပြည်တော်ကောင်စီနဲ့ မှတ်ပုံတင်ပြုလုပ်ပေးမယ့် နေပြည်တော် ကညနတို့က ဆုံးဖြတ်မှာဖြစ်ပြီး၊ အရင်ကလို လူစီးမဟုတ်တဲ့ သုံးဘီးတွေကို ကုန်တင်ဖို့ လုပ်ထားကြောင်းပြောပါတယ်။

အခုလို စီစဉ်ဆောင်ရွက်တာဟာ မြို့ရဲ့အင်္ဂါရပ်နဲ့ လိုက်လျောညီထွေဖြစ်အောင် စီစဉ်တာဖြစ်ပြီး တခြား မန္တလေးနဲ့ပုဂံဒေသတို့မှာလည်း လူစီးသုံးဘီးမော်တော်ယာဉ်တွေကို အသုံးပြုနေကြပြီဖြစ်ပါတယ်။ နေပြည်တော်အနေနဲ့ လက်ရှိမှာလည်း တစ်နေရာနဲ့တစ်နေရာ သွားဖို့လာဖို့ခဲယဉ်းနေသေးသလို ဘတ်စ်ကားတွေလည်း သိပ်မရှိသေးတဲ့အတွက် အခုလို လူစီးသုံးဘီးမော်တော်ယာဉ်တွေခွင့်ပြုလိုက်ရင် ပြည်သူတွေအနေနဲ့ သွားရေးလာရေးလည်း ပိုပြီးအဆင်ပြေလာစေလာနိုင်တယ်လို့သိရပါတယ်။ လက်ရှိမှာလည်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ယာဉ်နံပါတ်ပြား အတုတွေကင်းဝေးစေဖို့ မော်တော်ဆိုင်ကယ်၊ သုံးဘီးတပ်ယာဉ်နဲ့ ထော်လာဂျီယာဉ်တို့ရဲ့ နံပါတ်ပြားတွေကိုလည်း အင်္ဂလိပ်အက္ခရာနဲ့ ဖော်ပြတဲ့ ဖောင်းကြွနံပါတ်ပြားတွေအဖြစ်ပြောင်းလဲတပ်ဆင်ပေးဖို့ စီစဉ်နေပြီဖြစ်ပါတယ်။

Source:https://www.kumudranews.com/news-31900

## သမချေးငွေများ အတိုးနှုန်းမြင့်တက်

သမဂါယမဦးစီးဌာနက ထုတ်ချေးပေးနေသည့် ချေးငွေများကို ယခင်က ကျပ် ၁၀၀ လျှင် တစ်ကျပ်ခွဲနှုန်းဖြင့် ထုတ်ချေးပေးနေရာမှ ယခုဘဏ္ဍာနှစ်ကစတင်ကာ နှစ်ကျပ်နှုန်းဖြင့် တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း အောင်လံမြို့နယ် သမဂါယမဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဝင်းမြင့်ကပြောသည်။

နိုင်ငံတကာပံ့ပိုးမှုအဖြစ် တရုတ်နိုင်ငံ CHINA EXIM BANK မှ ချေးငွေဒေါ်လာသန်း ၄၀၀၊ ကိုရီးယား နိုင်ငံ ဒေလောင်းကုမ္ပဏီမှ လယ်ယာသုံး စက်ယန္တရားများတန်ဖိုး ဒေါ်လာသန်း ၁၀၀ စုစုပေါင်းဒေါ်လာ သန်း ၅၀၀ ဖြင့် မြန်မာနိုင်ငံအတွင်း ရပ်ကွက်၊ ကျေးရွာများရှိ သမအသင်းစုများကို ပြန်လည်ထုတ်ချေးနေခြင်းဖြစ်သည်။

ယင်းချေးငွေ အတိုးနှုန်းကို ဒေါ်လာဖြင့်ပေးဆောင်ရသဖြင့် ယခုနောက်ပိုင်းတွင် ထိုစဉ်ကယူခဲ့သော ချေးငွေတစ်ဒေါ်လာ တန်ဖိုးထက် ယခုနောက်ပိုင်း ဒေါ်လာဈေးမြင့်တက်လာမှုကြောင့် အတိုးနှုန်း တိုးမြှင့်ကောက်ခံရခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။ နိုင်ငံတကာချေးငွေဖြစ်၍ အတိုးနှုန်းကို ဒေါ်လာနှင့်ကောက်ခံတာဖြစ်ပြီး အရင်ချေးငွေရယူစဉ် ဒေါ်လာဈေးက တစ်ဒေါ်လာကို ၉၇၀ လောက်ပဲရှိရာကနေ အခုအခါ တစ်ဒေါ်လာကို ၁,၅၀၀ ကျော်သွားတော့ အတိုးနှုန်းကို တိုးမြှင့်ရခြင်းဖြစ်ကြောင်း အောင်လံမြို့နယ် သမဂါယမဦးစီးဌာန မြို့နယ်ဦးစီးအရာရှိဦးဝင်းမြင့်ကဆိုသည်။

ယင်းဈေးငွေများကို အောင်လံမြို့နယ်အတွင်း ၂၀၁၃ က စတင်ထုတ်ချေးနေခြင်းဖြစ်ပြီး နှစ်စဉ်လည်ပတ်လျက်ရှိကာ ယခုအခါ (၁၁) ကြိမ်မြောက် ပြန်လည်ထုတ်ချေးနေကြောင်း အောင်လံမြို့နယ် သမအသင်းဥက္ကဋ္ဌ ဦးညွန့်မောင်က ပြောသည်။ အောင်လံမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် သမဂ္ဂါယမအသင်း ၂၃၉ သင်းရှိနေပြီး ယင်းတို့ကိုယခု ဘဏ္ဍာနှစ်အတွက် ချေးငွေကျပ် ၁၆,၃၇၀ ဒသမ ၈၉၈ သိန်း ထုတ်ချေးပေးမည် ဖြစ်သည်။

**Source:**http://www.7daydaily.com/story/147628

## အေးစက်နေဆဲ စတော့ဈေးကွက်




ရန်ကုန်စတော့အိတ်ချိန်း စတင်ခဲ့သည်မှာ သုံးနှစ်တာကာလသို့ ရောက်ရှိလာချိန်တွင် ဈေးကွက်အတွင်း၌ နေ့စဉ်ရှယ်ယာ အရောင်းအဝယ်အရေအတွက်ကျဆင်းလာခြင်းနှင့် စာရင်းဝင်ကုမ္ပဏီသစ်များ ထပ်မံတိုးတက်မလာသည့် အခြေအနေများနှင့် ရင်ဆိုင်ရလျက်ရှိသည်။

အခြားတစ်ဖက်တွင် စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီဖြစ်လာရေး ကြိုးပမ်းနေသည့် အများပိုင်ကုမ္ပဏီများကလည်း ဈေးကွက်ကို စောင့်ကြည့်ဆဲအနေအထားဖြင့်သာရှိနေကြသည်။ ၎င်းအခြေအနေများကြောင့် မြန်မာ့စတော့ဈေးကွက်သည် ယခု ၂၀၁၉ ခုနှစ်တွင်လည်း ဆက်လက်အေးစက်နေမည်ဟု ပြည်တွင်းက စတော့ဈေးကွက်ကျွမ်းကျင်ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များကပြောကြသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအရှိန်အဟုန်ဖြင့် တိုးတက်လာရန်မှာ စတော့ဈေးကွက်နှင့် အရင်းအနှီးဈေးကွက် ကြီးမားကျယ်ပြန့်ရန် အဓိကလိုအပ်ချက်ဖြစ်သည်ဟု စီးပွားရေးပညာရှင်များကပြောကြသည်။ သို့မှသာ ကုမ္ပဏီများ၏လုပ်ငန်းကြီးထွားလာစေကာ ကုန်ထုတ်လုပ်မှုနှင့်ပို့ကုန်တိုးမြှင့်ရေးကို အဓိကအထောက်အကူပေးနိုင်သည်ဟု ၎င်းတို့ကပြောသည်။

မြန်မာ့စတော့ဈေးကွက်သည် ၂၀၁၆ ခုနှစ်က စာရင်းဝင်ကုမ္ပဏီသုံးခုသာရှိခဲ့သော်လည်း၊ ၂၀၁၈ ခုနှစ်တွင်မူ စာရင်းဝင်ကုမ္ပဏီငါးခုအထိ တိုးတက်လာခဲ့သည်။ သို့သော် ကုမ္ပဏီငါးခု၏ အရောင်းအဝယ်ဖြစ်ပေါ်မှုသည် စဉ်ဆက်မပြတ် ရှယ်ယာအရောင်းအဝယ်ဖြစ်ပေါ်မှု အရေအတွက် ၂ ဒသမ ၃၆ သန်းနှင့် ကုန်သွယ်မှုတန်ဖိုး ၁၁ ဒသမ ၅၀ ကျပ်ဘီလျံသာ ကျဆင်းခြင်းဖြစ်ပေါ်ခဲ့သည်။ ထို့အတူ ပမာဏအမြောက်အမြားဝယ်ယူသည့် အရေအတွက်တွင်လည်း ရှယ်ယာအရေအတွက် ခြောက်သိန်းရှစ်သောင်းကျော်၏ကုန်သွယ်မှုတန်ဖိုး ၂ ဒသမ ၅၁ ကျပ်ဘီလျံသို့ ကျဆင်းလာခဲ့သည်။ လောလောဆယ်မှာ စတော့ဈေးကွက်က ကြားထဲမှာလှုပ်ရှားမှုဘာမှမရှိတော့ လူတွေက ယုံကြည်မှုနည်းသွားကြကြောင်း၊ စလုပ်တဲ့အချိန်မှာလည်း တချို့ရင်းနှီးမြှုပ်နှံတဲ့သူတွေက ရှုံးသွားတာမျိုးတွေရှိတော့ ယုံကြည်မှုကကျသွားတယ်။ စတော့ဈေးကွက်အပေါ် စိတ်ဝင်စားမှုနည်းနေတာကိုပြန်ပြီးလှုံ့ဆော်ရမှာဖြစ်ကြောင်း၊ ဒါကို အစိုးရပိုင်းကရော ရန်ကုန်စတော့အိတ်ချိန်းပိုင်းကရော လုပ်ဖို့လိုနေကြောင်း အရင်းအနှီးဈေးကွက် ကျွမ်းကျင်ပညာရှင် ဒေါက်တာအောင်သူရကပြောသည်။

ဈေးကွက်အတွင်း ရှယ်ယာအရောင်းအဝယ်ဖြစ်ပေါ်မှုကျဆင်းလာခြင်းနှင့် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာတန်ဖိုးများကျဆင်းလာသည့်အခြေအနေများက ကောင်းမွန်သည့်အလားအလာတစ်ရပ်မဟုတ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းတည်ထောင်ခဲ့သူ ဒုတိယဝန်ကြီးဟောင်း ဒေါက်တာမောင်မောင်သိမ်းကပြောသည်။

အဆိုပါဈေးကွက်အနေအထားကြောင့် စာရင်းဝင်ကုမ္ပဏီဖြစ်လာရေး ကြိုးပမ်းလျက်ရှိသည့် ကုမ္ပဏီများသည်ပင် ဈေးကွက်ကို စောင့်ကြည့်နေသည့်အနေအထားသို့ရောက်ရှိလာသည်။ စာရင်းဝင်ကုမ္ပဏီဖြစ်လာရန် နာမည်စာရင်းထွက်ထားသည့် မြန်မာနိုင်ငံ လယ်ယာစီးပွားအများပိုင်ကော်ပိုရေးရှင်းလီမိတက် MAPCO သည် စတော့ဈေးကွက်အတွင်းဝင်ရောက်ရေးကို ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းမှသာ ဆောင်ရွက်တော့မည်ဟု ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်ကပြောသည်။

ထို့အတူ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများတွင် ကန်ထရိုက်တာအဖြစ် လုပ်ကိုင်ခြင်းကို အဓိကပင်မစီးပွားရေးအဖြစ်ဆောင်ရွက်နေသည့် ဂရိတ်ဟော်ခမ်းကုမ္ပဏီသည် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ဖြစ်လာရေး ကြိုးပမ်းနေသည့်ကုမ္ပဏီတစ်ခုဖြစ်သည်။ ၎င်းကုမ္ပဏီသည် အနာဂတ်

စီးပွားရေးရပ်တည်မှုအတွက် လျှပ်စစ်ထုတ်လုပ်ရောင်းချမှုအပိုင်းတွင် ရင်းနှီးမြှုပ်နှံရန်အစိုးရပိုင်းနှင့် ညှိနှိုင်းလျက်ရှိသည်။ သို့သော်လက်ရှိအချိန်တွင် ဈေးကွက်စောင့်ကြည့်အသွင်နှင့် လျှပ်စစ်ထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များကြောင့် စာရင်းဝင်ကုမ္ပဏီဖြစ်လာရေး ကြိုးပမ်းနေဆဲ အနေအထားတွင်သာရှိနေဆဲဖြစ်နေသည်။

ရန်ကုန်စတော့အိတ်ချိန်းသည် စတော့ဈေးကွက်အတွင်း နိုင်ငံခြားသားများ ရှယ်ယာဝယ်ယူခွင့်ရရှိရေးအတွက် ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ဖြစ်လာပါက စတော့ဈေးကွက်အတွင်း စာရင်းဝင်ကုမ္ပဏီများ ဝင်ရောက်ရေးမှာ ပိုမိုတိုးတက်လာနိုင်သည်ဟု ဦးရဲမင်းအောင်ကဆက်လက်သုံးသပ်သည်။

**Source:**https://myanmar.mmtimes.com/news/119596.html

## ပြည်ပသို့ တရားဝင် ရွှေတင်ပို့ခွင့်ပြုထားသော်လည်း လက်ရှိအချိန်အထိ မပို့နိုင်သေး

ပြည်ပသို့ တရားဝင်ရွှေတင်ပို့ခွင့်ပြုထားသော်လည်းလက်ရှိအချိန်အထိ ပြည်ပသို့ရွှေတင်ပို့နိုင်ခြင်းမရှိသေးကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူနှင့်ရွှေလုပ်ငန်းရှင်တို့ကပြောသည်။




ယခင်က ရွှေကို တင်ပို့မှုပိတ်ပင်သော ကုန်စည်တစ်ခုအဖြစ်သတ်မှတ်ထားခဲ့ပြီး ၂၀၁၈ ဇန်နဝါရီ ၂၂ ရက်တွင် ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများတင်ပို့/တင်သွင်းရန် ခွင့်ပြုခဲ့သည်။ ဆက်လက်၍ရွှေတင်ပို့/တင်သွင်းခြင်းလုပ်ငန်းစဉ်ဆောင်ရွက်ရန် One Stop Service Center (OSSC) ကို ပြီးခဲ့သည့် စက်တင်ဘာလတွင်ဖွင့်လှစ်ခဲ့သည်။

လက်ရှိတွင် ရွှေတုံးတင်ပို့ရန်အတွက်သာ အရည်အသွေးနှင့် အခြားလိုအပ်သောအချက်များကို ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ပြီး အိန္ဒိယ၊ တရုတ်၊ ဟောင်ကောင်နှင့် အာဆီယံ ဒေသတွင်းနိုင်ငံများသို့ ရောင်းချရန်ချိတ်ဆက်ထားသည်ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ဦးရဲသူအောင်ကပြောသည်။

သို့သော် ပြည်ပသို့ ရွှေတင်ပို့ရန် ကြိုတင်အခွန် နှစ်ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ရာ ရွှေတင်ပို့မှု တစ်ကြောင်းအတွက် ရရှိမည့်အကျိုးအမြတ်သည် သုည ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိသည့်အတွက် တင်ပို့နိုင်ရန် အခက်အခဲဖြစ်လျက်ရှိနေသေးသည်ဟု Myanmar Gold Development အများပိုင်ကုမ္ပဏီမှ ဒါရိုက်တာလည်းဖြစ်သူ ဦးရဲသူအောင်က ပြောသည်။ လက်ရှိတွင် အဆိုပါကိစ္စရပ်ကို မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းက သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြပြီး ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

အစိုးရက လုပ်ငန်းရှင်အခွန်ရှောင်သွားမည်ကို စိုးရိမ်သည့်အတွက် ကြိုတင်အခွန်ထမ်းဆောင်စေခြင်းဖြစ်သော်လည်း လုပ်ငန်းရှင်များအတွက် ဝန်ပိစေသည်ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဟန်က ပြောသည်။ အစိုးရက ရွှေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာရွှေဈေးကွက် အကောင်အထည်ဖော်ရေးကော်မတီဖွဲ့စည်းထားပြီး ရွှေစံချိန်စံညွှန်းသတ်မှတ်ချက်တညီတည်းဖြစ်စေရန်၊ ပုံမှန်အရောင်းအဝယ်စနစ်မှ အွန်လိုင်းစနစ်ဖြင့်ပါ အရောင်းအဝယ်လုပ်နိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်ရန်တို့ကိုဆောင်ရွက်လျက်ရှိသည်။

**Source:**https://myanmar.mmtimes.com

## STOCK EXCHANGE (17.1.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 17th Jan. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,700 | +0 | +0.00% | 9,700 | 9,700 | 9,700 | 250 | 2,425,000 | 27,112,747 | 262,994 |
| MTSH | 00002 | 2,950 | -50 | -1.67% | 2,950 | 3,000 | 2,950 | 2,145 | 6,347,800 | 38,929,150 | 114,841 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 0 | 0 | 10,400,986 | 74,887 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,000 | 22,500 | 22,000 | 501 | 11,022,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,750 | 2,750 | 2,750 | 278 | 764,500 | 12,212,906 | 33,585 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 396.95 | -1.87 | -0.47% | 396.95 | 396.95 | 396.95 | 3,174 | 20,559,800 | 5 | 541,928 |


### Index chart




## Market Overview

As of 1:00 pm, 17th Jan. 2019

| MYANPIX | 396.95 ▼ 1.87 |
|---|---|
| Total Volume (shares) | 3,174 |
| Total Value (MMK) | 21 mil |
| Listed Company | 5 |
| Market Cap. (MMK) | 541,928 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,700 | ▲ 0 |
| MTSH | 00002 | 2,950 | ▼ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,750 | ▼ 50 |